ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ် ၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
( ၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။ )
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )
ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ချင်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲနိုင်သည်။ထိုသို့ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း ၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူ ဆောင်ရွက်နိုင်သည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ ၊ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲ ခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည်ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄

## စည်ပင်သာယာရေးအဖွဲ့များ

၉။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၀။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း ၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) စည်ပင်သာယာရေးအဖွဲ့များသည်ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ ၊ လျော့၍ ဖြစ်စေ ရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်း ဖော်ပြရမည်။

ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရငွေထက်ပိုသော အသုံးစရိတ်များအတွက် လိုအပ်သည့်ငွေကို ချေးယူရငွေအဖြစ် ဤဥပဒေအရ လျာထားသော လျာထားချက်ဘောင်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက် နိုင်သည်။

၁၂။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(signed)

ဝန်ကြီးချုပ်

ချင်းပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀. ၀၀၅ | | | ၅၉၀၀. ၀၀၀ | | | | ၅၉၀၀. ၀၀၅ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃. ၆၄၆ | | | | | | | ၃. ၆၄၆ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၃၇ | | | | | | | ၀. ၀၃၇ |
| | ပေါင်း | | | | ၃. ၇၈၈ | | | ၅၉၀၀. ၀၀၀ | | | | ၅၉၀၃. ၇၈၈ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၇၇. ၄၀၀ | | ၉၀၀. ၀၀၀ | ၂၀၀၄၉. ၅၁၄ | | | | ၂၁၅၂၆. ၉၁၄ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁၄. ၅၁၈ | | | ၁၃၅၄. ၈၅၉ | | | | ၁၄၆၉. ၃၉၇ |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၄၉. ၁၀၀ | | | | | | | ၄၉. ၁၀၀ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၉၀. ၀၆၃ | | | ၂၆၈. ၀၀၀ | | | | ၅၅၈. ၀၆၃ |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၆၀. ၇၆၄ | | | ၂၄၇. ၈၆၀ | | | | ၈၀၈. ၆၂၄ |
| | ပေါင်း | | ၁၆၁၁. ၈၆၅ | | ၉၀၀. ၀၀၀ | ၂၁၉၂၀. ၂၃၃ | | | | ၂၄၄၃၂. ၀၉၈ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၃. ၈၅၅ | | | | | | | | | ၄၃. ၈၅၅ |
| | ၁ | ယစ်မျိုးခွန် | | ၄၃. ၈၅၅ | | | | | | | | | ၄၃. ၈၅၅ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့် အခွန်အကောက်** | ၎င်း | ၁၆. ၀၁၂ | | | | | | | | | ၁၆. ၀၁၂ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၀. ၇၆၆ | | | | | | | | | ၀. ၇၆၆ |
| | ၂ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၁၃. ၃၃၃ | | | | | | | | | ၁၃. ၃၃၃ |
| | ၃ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၁. ၄၀၉ | | | | | | | | | ၁. ၄၀၉ |
| | ၄ | အင်းအိုင်ခွန် | | ၀. ၁၀၄ | | | | | | | | | ၀. ၁၀၄ |
| ၃ | | **ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | ၎င်း | | ၆၇၂. ၈၀၉ | | | | | | | | ၆၇၂. ၈၀၉ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့ အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၄ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁. ၁၃၃ | | | | | | | ၁. ၁၃၃ |
| ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁. ဝ၈၄ | | | | | | | ၁. ဝ၈၄ |
| ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ဝ. ဝ၃၄ | | | | | | | ဝ. ဝ၃၄ |
| ၃ | မီးသတ်ဦးစီးဌာန | | | | ဝ. ဝ၁၅ | | | | | | | ဝ. ဝ၁၅ |
| ၅ | **သမဝါယမ** | ၎င်း | | | ၁. ၆ဝ၈ | | | | | | | ၁. ၆ဝ၈ |
| ၁ | သမဝါယမဦးစီးဌာန | | | | ၁. ဝ၂၅ | | | | | | | ၁. ဝ၂၅ |
| ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ဝ. ၅၈၃ | | | | | | | ဝ. ၅၈၃ |
| ၆ | **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၎င်း | | | ဝ. ၂ဝဝ | | | | | | | ဝ. ၂ဝဝ |
| ၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ဝ. ၂ဝဝ | | | | | | | ဝ. ၂ဝဝ |
| ၇ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | | | ၁. ၂၆ဝ | | | | | | | ၁. ၂၆ဝ |
| ၁ | သစ်တောဦးစီးဌာန | | | | ၁. ၂၆ဝ | | | | | | | ၁. ၂၆ဝ |
| ၈ | **အားကစား** | ၎င်း | | | ၁. ၂၁၄ | | | | | | | ၁. ၂၁၄ |
| ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁. ၂၁၄ | | | | | | | ၁. ၂၁၄ |
| ၉ | **ဘဏ္ဍာရေး** | ၎င်း | | | | | | ၉ဝ၁၅၇. ၆၆၅ | | ၂၃ဝ၉. ၆၄၂ | | ၉၂၄၆၇. ၃ဝ၇ |
| ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၉ဝ၁၅၇. ၆၆၅ | | ၂၃ဝ၉. ၆၄၂ | | ၉၂၄၆၇. ၃ဝ၇ |
| ၁ဝ | **ဆောက်လုပ်ရေး** | ၎င်း | | | ၁. ၁၅၆ | | | | | | | ၁. ၁၅၆ |
| ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁. ၁၅၆ | | | | | | | ၁. ၁၅၆ |
| | ပေါင်း | | ၅၉. ၈၆၇ | ၆၇၂. ၈ဝ၉ | ၆. ၅၇၁ | | | ၉ဝ၁၅၇. ၆၆၅ | | ၂၃ဝ၉. ၆၄၂ | | ၉၃၂ဝ၆. ၅၅၄ |

# ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | **၄၇၅၁.၃၆၀** | | **၂၀.၀၀၀** | **၁၃၀၇၂.၁၇၃** | | | | **၁၇၈၄၃.၅၃၃** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၈၆၃.၀၅၇ | | ၂၀.၀၀၀ | ၁၀၂၆၁.၉၃၇ | | | | ၁၄၁၄၄.၉၉၄ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၄၈.၄၆၉ | | | ၃၇.၁၁၆ | | | | ၁၈၅.၅၈၅ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၇၃၉.၈၃၄ | | | ၂၇၇၃.၁၂၀ | | | | ၃၅၁၂.၉၅၄ |
| ၂ | | **သမဝါယမ** | ၎င်း | **၅၀၇.၃၂၂** | | | **၁၂၀.၆၀၂** | | | | **၆၂၇.၉၂၄** |
| | ၁ | သမဝါယမဦးစီးဌာန | | ၄၅၆.၄၂၀ | | | ၄၄.၅၁၂ | | | | ၅၀၀.၉၃၂ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၅၀.၉၀၂ | | | ၇၆.၀၉၀ | | | | ၁၂၆.၉၉၂ |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၁၂၀၁.၂၆၄** | | | **၂၅၈၆.၅၁၀** | | | | **၃၇၈၇.၇၇၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၂၀၁.၂၆၄ | | | ၂၅၈၆.၅၁၀ | | | | ၃၇၈၇.၇၇၄ |
| ၄ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၎င်း | **၃၅၃.၈၃၆** | | | **၄၃၃.၈၅၀** | | | | **၇၈၇.၆၈၆** |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၀၁.၅၃၄ | | | ၃၈၀.၆၅၀ | | | | ၄၈၂.၁၈၄ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၅၂.၃၀၂ | | | ၅၃.၂၀၀ | | | | ၃၀၅.၅၀၂ |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၇၈၇.၁၂၁** | | | **၁၀၁.၉၄၇** | | | | **၈၈၉.၀၆၈** |
| | ၁ | သစ်တောဦးစီးဌာန | | ၇၈၇.၁၂၁ | | | ၁၀၁.၉၄၇ | | | | ၈၈၉.၀၆၈ |
| ၆ | | **အားကစား** | ၎င်း | **၁၆၈.၅၁၃** | | | **၉၁.၀၉၄** | | | | **၂၅၉.၆၀၇** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၆၈.၅၁၃ | | | ၉၁.၀၉၄ | | | | ၂၅၉.၆၀၇ |
| ၇ | | **ဘဏ္ဍာရေး** | ၎င်း | **၇၇.၈၈၈** | | | **၆၂.၆၀၉** | | | | **၁၄၀.၄၉၇** |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၇.၈၈၈ | | | ၆၂.၆၀၉ | | | | ၁၄၀.၄၉၇ |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၂၆၉.၁၂၂** | | | **၁၁၆.၃၄၇** | | | | **၃၈၅.၄၆၉** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၆၉.၁၂၂ | | | ၁၁၆.၃၄၇ | | | | ၃၈၅.၄၆၉ |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၅၁၅၂.၃၂၆** | | | **၄၀၇၆၆.၉၂၄** | | | | **၄၅၉၁၉.၂၅၀** |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၅၂.၈၅၈ | | | ၃၆၁.၇၈၀ | | | | ၅၁၄.၆၃၈ |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းခြင်း | | ၄၉၉၉.၄၆၈ | | | ၄၀၄၀၅.၁၄၄ | | | | ၄၅၄၀၄.၆၁၂ |
| | | ပေါင်း | | **၁၃၂၆၈.၇၅၂** | | **၂၀.၀၀၀** | **၅၇၃၅၂.၀၅၆** | | | | **၇၀၆၄၀.၈၀၈** |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | **ပြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀. ၇၀၀ | | | | | | | ၀. ၇၀၀ |
| | ၁ မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၀. ၇၀၀ | | | | | | | ၀. ၇၀၀ |
| ၂ | **ဆောက်လုပ်ရေး** | ၎င်း | | | ၄၈၀၅၇. ၃၉၉ | | | | | | | ၄၈၀၅၇. ၃၉၉ |
| | ၁ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၄၈၀၅၇. ၃၉၉ | | | | | | | ၄၈၀၅၇. ၃၉၉ |
| | ပေါင်း | | | | ၄၈၀၅၈. ၀၉၉ | | | | | | | ၄၈၀၅၈. ၀၉၉ |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၆. ၀၅၀** | | | | | | | **၆. ၀၅၀** |
| | ၁ | မြန်မာရုပ်ရှင်လုပ်ငန်း | | ၆. ၀၅၀ | | | | | | | ၆. ၀၅၀ |
| ၂ | | **လျှပ်စစ်စွမ်းအား** | -ယင်း- | **၁၂၈. ၀၅၃** | | | **၁၇၃၉. ၇၆၄** | | | | **၁၈၆၇. ၈၁၇** |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၁၂၈. ၀၅၃ | | | ၁၇၃၉. ၇၆၄ | | | | ၁၈၆၇. ၈၁၇ |
| ၃ | | **ဆောက်လုပ်ရေး** | -ယင်း- | **၄၆၂၉၅. ၇၅၉** | | | **၁၆၁၆. ၃၆၇** | | | | **၄၇၉၁၂. ၁၂၆** |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၄၆၂၉၅. ၇၅၉ | | | ၁၆၁၆. ၃၆၇ | | | | ၄၇၉၁၂. ၁၂၆ |
| | | ပေါင်း | | ၄၆၄၂၉. ၈၆၂ | | | ၃၃၅၆. ၁၃၁ | | | | ၄၉၇၈၅. ၉၉၃ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၃. ၁၀၀ | | ၃၂၉. ၇၉၈ | | | | | | | ၄၀၂. ၈၉၈ |
| | ပေါင်း | | ၇၃. ၁၀၀ | | ၃၂၉. ၇၉၈ | | | | | | | ၄၀၂. ၈၉၈ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(ဈ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၉၆. ၀၄၀ | | | ၂၃၁၆. ၅၀၀ | | | | ၂၇၁၂. ၅၄၀ |
| | ပေါင်း | | ၃၉၆. ၀၄၀ | | | ၂၃၁၆. ၅၀၀ | | | | ၂၇၁၂. ၅၄၀ |